## အသင်းတော်အသက်တာကို ပြန်လည်ရယူခြင်းအတွက် အဓိကကျသော အကြောင်းရင်းများ

(Lord's Day—Second Morning Session)
Message Eight

# ပြန်လည်ရယူသော အသင်းတော်၌ အောက်မြင်သောအသက်တာကို အသက်ရှင်ခြင်းဖြင့် ဘုရားဆိုင်ရာစီမံကိန်းကို ပြီးမြောက်ပြည့်စုံစေခြင်းနှင့် ယေရုရှလင်မြို့သစ်ဖြစ်လာခြင်း၏ အကြောင်းရင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၃း၇-၈၊ ၁၁-၁၂၊ ၂၁။ ၁၉း၇။ ၂၁း၂၊ ၉-၁၁

**I. အောင်မြင်သောသူများသည် အရှိန်အဟုန် ခုနစ်ဆ မြှင့်တင်ထားသော ဝိညာဉ်တော်အဖြစ် အောင်မြင်သောခရစ်တော်အားဖြင့် ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး၊ သူတို့သည် ခရစ်တော်၏သတို့သမီးကို ပြင်ဆင်ခြင်းအဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ဝန်တာရှိကြသည် - ဧ၄း၁၆။ ဗျာ၅း၆။ ၁၉း၇-၉။**

A. အောင်မြင်သောသူများသည် ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံစေခြင်းငှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ဖြစ်ကြသည် - ဧ၄း၁၂၊ ၁၆။ ဗျာ၂း၇ခ။ ၃း၁၂၊ ၂၁။

1. အောင်မြင်သောသူများ မပါဘဲ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် တည်ဆောက်ခြင်း မခံရနိုင်ပါ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခံရခြင်းမရှိဘဲ ခရစ်တော်သည် ကိုယ်တော်၏သတို့သမီးအတွက် ကြွလာနိုင်မည်မဟုတ်ပါ - ၁၉း၇-၉။

2. အရှိန်ခုနစ်ဆမြှင့်တင်ထားသော၊ အသက်ပေးသောဝိညာဉ်တော်ဖြစ်သည့် ခရစ်တော်အားဖြင့် ထုတ်လုပ်ထားသည့် အောင်မြင်သောသူများသည် ဤခေတ်တွင် ကိုယ်ခန္ဓာတော်ကို တည်ဆောက်ကာ၊ ယင်းမှာ နိုင်ငံတော်ခေတ်၌ ယေရုရှလင်မြို့သစ်၏အစပြုပြီးမြောက်ပြည့်စုံခြင်းအတွက်ဖြစ်ပြီး၊ နောက်ဆုံးတွင် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ယေရုရှလင်မြို့သစ်၏ အပြည့်အဝပြီးမြောက်ပြည့်စုံခြင်းအတွက် ဖြစ်သည် - ၁း၄။ ၂း၇။ ၄း၅။ ၅း၆။ ၃း၁၂။ ၂၁း၂။

B. ဗျာဒိတ် ၂ နှင့် ၃ ရှိ ပေးစာခုနစ်စောင်စီ၏ အဆုံးတွင် သခင်ဘုရား၏ကတိတော်များမှာ အောင်မြင်သောသူများ၏ မျက်မှောက် မွေ့လျော်ဝမ်းမြောက်မှုအတွက်ဖြစ်သကဲ့သို့ လာမည့် မိလေနီနိုင်ငံတော်၌ သူတို့ကို ပေးမည့် ဆုလာဘ်လည်းဖြစ်ကြောင်း ရည်ညွှန်းသည် - ၂း၇ခ၊ ၁၁ခ၊ ၁၇ခ၊ ၂၆-၂၈။ ၃း၅၊ ၁၂၊ ၂၁။

1. လာမည့်ခေတ်၌ သခင်ဘုရား၏ဝမ်းမြောက်ခြင်းအထဲသို့ ဝင်ရောက်ခြင်းနှင့် ကျွန်ုပ်တို့၏ အလွန်အမင်း ကြီးစွာသော ဆုလာဘတ်အဖြစ် သခင်ဘုရားကို ရရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် ဤခေတ်၌ ယနေ့တွင် ကိုယ်တော်ကို အမြတ်ရယူပြီး၊ သစ္စာရှိစွာ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် - မ၂၅း၂၁ခ၊ ၂၃ခ။ ဖိ၃း၈-၉။ က၁၅း၁။

2. ယနေ့ ကျွန်ုပ်တို့သည် ကိုယ်တော်ကတိတော်များ၏ စစ်မှန်ခြင်းအဖြစ် ခရစ်တော်ကို သစ္စာရှိစွာ မွေ့လျော်ခြင်းနှင့် တွေ့ကြုံခံစားခြင်း မရှိခဲ့လျှင်၊ နိုင်ငံတော်ခေတ်၌ ၎င်းတို့၏ပြီးပြည့်စုံခြင်းတွင် ကျွန်ုပ်တို့ ပါဝင်ဆက်ဆံနိုင်မည်မဟုတ်ပါ။ အလေ့အလာမှာ ကျွန်ုပ်တို့ဖြစ်သောအရာသည် ကျွန်ုပ်တို့၏ ဆုလာဘ်ဖြစ်လာမည်ဖြစ်သည် - ၁ကော၉း၂၄-၂၇။

**II. အမှတ်လက္ခဏာအနေဖြင့် ဖိလဒေလဖိမြို့၌ရှိသောအသင်းတော်သည် ပြန်လည်ရယူထားသောအသင်းတော်ကို ကြိုတင်ပုံဖော်ပြသခြင်း ဖြစ်သည် - ဗျာ၊၃း၇။**

A. ဖိလဒေလဖိမြို့၌ရှိသောအသင်းတော်သည် ညီအစ်ကိုချင်းချစ်ခြင်းရှိသော အသင်းတော်၊ တစ်နည်းအားဖြင့် မှန်ကန်သင့်လျော်သည့် အသင်းတော်အသက်တာကို ကြိုတင် ပရောဖက်ပြု ဖော်ပြခြင်းဖြစ်သည် - အငယ်၊၇။

B. ဖိလဒေလဖိမြို့၌ရှိသောအသင်းတော်၏ ထင်ရှားပေါ်လွင်သော သွင်ပြင်တစ်ခုမှာ သူမသည် သခင်ဘုရား၏စကားတော်ကို စောင့်ထိန်းခြင်းဖြစ်သည် - အငယ်၊၇-၈။

C. ဗျာဒိတ် ၃း၈ တွင် သခင်ဘုရားက ဖိလဒေလဖိမြို့၌ရှိသောအသင်းတော်သည် ကိုယ်တော်၏နာမတော်ကို ငြင်းပယ်ခြင်းမရှိကြောင်း ပြောထားသည်။ သခင်ဘုရား၏စကားတော်သည် ကိုယ်တော်၏ထင်ရှားခြင်းဖြစ်ပြီး၊ သခင်ဘုရား၏နာမတော်သည် သခင်ဘုရားကိုယ်တော်တိုင်ဖြစ်သည် - ကော၊၃း၁၆-၁၇။ မ၊၁၈း၂၀။

D. မိစ္ဆာဒိဋ္ဌိအယူမှုများနှင့် ထုံးတမ်းစဉ်လာများအားလုံးမှ စင်ကြယ်သော နှုတ်ကပတ်တော်သို့ လှည့်ပြန်လာခြင်းနှင့် အခြားနာမ မှန်သမျှကို စွန့်လွှတ်ခြင်းအားဖြင့် သခင်ဘုရား၏နာမတော်ကို ချီးမြှောက်ခြင်းသို့ လှည့်ပြန်လာခြင်းတို့သည် ပြန်လည်ရယူထား သောအသင်းတော်ရှိ လှုံ့ဆော်မှုအရှိဆုံးသော သက်သေခံချက်ဖြစ်သည် - ဗျာ၊၃း၈။

E. ပြန်လည်ရယူသောအသင်းတော်အဖို့ သခင်ဘုရားသည် ဒါဝိဒ်၏သော့၊ နိုင်ငံတော်၏သော့ကို ကိုင်ထားသောအရှင်၊ ဖွင့်နိုင် ပိတ် နိုင်သောအခွင့်အာဏာရှိသောအရှင်ဖြစ်သည် - အငယ်၊၇။ ဟေရှာ၊၂၂း၂၂။

1. ဤသည်မှာ ဘုရားသခင့်အိမ်တော်၏ ဘဏ္ဍာတိုက် သော့ဖြစ်ပြီး၊ ယင်းကို ဘုရားသခင်၏နိုင်ငံတော်တည်ဆောက်ခြင်း အတွက် ဒါဝိဒ်၏အိမ်တော်အားဖြင့် ပုံဆောင်ထားသည် - ၃၉း၂။ ၂ရာမွေ၊၇း၁၆။
2. ဒါဝိဒ်၏သော့သည် ဘုရားသခင့်အိမ်တော်၏ ဘဏ္ဍာများအားလုံးကို စောင့်ရှောက်ခြင်းအတွက်ဖြစ်ပြီး၊ ယင်းမှာ ကျွန်ုပ်တို့ ၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် ခရစ်တော်၏ကြွယ်ဝခြင်းများအားလုံးပင် ဖြစ်သည် - ဧ၊၃း၈။
3. ဒါဝိဒ်၏သော့သည် ဘုရားသခင်အတွက် စကြဝဠာတစ်ခုလုံးကို ဖွင့်ပေးသည် - ဟေရှာ၊၂၂း၂၂။ ဗျာ၊၃း၇။
   a. ဒါဝိဒ်သည် မြေကြီးပေါ် ဘုရားသခင်၏နိုင်ငံတော် တည်စေခြင်းနှင့် ဘုရားသခင်၏အုပ်စိုးမှု သော့ရှိခြင်း၌ ဘုရား သခင်ကို ကိုယ်စားပြုသည် - ဟေရှာ၊၂၂း၂၂။
   b. စစ်မှန်သောဒါဝိဒ်၊ ပို၍ကြီးမြတ်သော ဒါဝိဒ်အဖြစ် ခရစ်တော်သည် စစ်မှန်သော ဗိမာန်တော်ဖြစ်သည့် ဘုရားသခင်၏ အိမ်တော်ကို တည်ဆောက်ပြီး၊ ဘုရားသခင်၏နိုင်ငံတော် တည်းဟူသော ဘုရားသခင်ကို ကိုယ်စားပြုမည့် အခွင့် အာဏာကို အပြည့်အဝ ကျင့်သုံးရာ အုပ်စိုးမှုကို တည်စေခဲ့သည်။ ထို့ကြောင့် ကိုယ်တော်သည် ဒါဝိဒ်၏သော့ကို ကိုင် စွဲထားသည် - မ၊၁း၁။ ၁၂း၃-၈။ ၁၆း၁၈-၁၉။
   c. ခရစ်တော်၌ ဒါဝိဒ်၏သော့ ရှိခြင်းအကြောင်းမှာ ကိုယ်တော်သည် ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုဖြစ်ကြောင်း ရည်ညွှန်းနေသည်။ ကိုယ်တော်သည် ဘုရားသခင်ကို ထင်ရှားကာ၊ ကိုယ်တော်ကို ကိုယ်စားပြုသည့်အရှင်၊ ဘုရား သခင်၏အုပ်စိုးမှု၌ အရာခပ်သိမ်းကို ဖွင့်သော သော့ကို ကိုင်စွဲသောအရှင်ဖြစ်သည် - ကော၊၁း၁၅-၁၈။

## III. သခင်ယေရှုသည် ပြန်လည်ရယူထားသော အသင်းတော်ရှိ အောင်မြင်သောသူအား ဘုရားသခင်၏ ဗိမာန်တော်အထဲသို့ တည် ဆောက်ခံရသည့် တိုင်ဖြစ်စေလိမ့်မည်ဖြစ်သည် - ဗျာ၊၃း၁၁-၁၂က။

A. သခင်ဘုရားသည် ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲပေးခြင်းအားဖြင့်၊ တစ်နည်းဆိုသော် ကျွန်ုပ်တို့၏ဇာတိ ဒြပ်သဘာဝကို ဖယ် ရှားကာ၊ ကိုယ်တော်၏ ဘုရားဆိုင်ရာအနှစ်သာရဖြင့် အစားထိုးခြင်းအားဖြင့် ကျွန်ုပ်တို့ကို တိုင်များဖြစ်စေသည် - ရော၊၁၂း၂။ ၂ကော၊၃း၁၈။

1. ဗျာဒိတ် ၃း၁၂ ရှိ *ဖြစ်စေမည်* ဟူသည်မှာ ကျွန်ုပ်တို့ကို တစ်စုံတစ်ရာအဖြစ်သို့ စေ့စပ်ထုံးဖွဲ့ပေးခြင်း၊ ကျွန်ုပ်တို့ကို ဖန်ဆင်း ခြင်းနည်းလမ်း၌ တည်ဆောက်ပေးခြင်းကို ဆိုလိုသည်။
2. ယနေ့ အသင်းတော်အသက်တာ၌ သခင်ဘုရားသည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ကာ၊ ကျွန်ုပ်တို့ ကို ဘုရားသခင်၏ဗိမာန်တော်ရှိ တိုင်များအဖြစ်သို့ လုပ်ဆောင်နေသည်၊ စေ့စပ်ထုံးဖွဲ့ပေးနေသည်။

B. ဗျာဒိတ် ၂၁း၂၂ တွင် ယေရုရှလင်မြို့သစ်၌ သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင်သည် ဗိမာန်တော်ဖြစ်မည့်အကြောင်း ကျွန်ုပ်တို့ မြင်ရသည်။

1. အောင်မြင်သောသူများသည် ဗိမာန်တော်၌ တိုင်များဖြစ်လာမည်ဟူသည်မှာ သူတို့သည် သုံးပါးတစ်ပါးဘုရား၌ တိုင်များ ဖြစ်လာမည်ဟု ဆိုလိုခြင်းဖြစ်သည် - ၃း၁၂က။
2. ဤအရာ၌ သုံးပါးတစ်ပါးဘုရားဖြင့် ရောနှောပေါင်းစည်းခြင်းနှင့် ကိုယ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းတို့ ပါဝင်သည် - ဧ၊ ၃း၁၆-၁၇က။

C. ယနေ့၏ အသင်းတော်အသက်တာ၌ပင် အောင်မြင်သော သန့်ရှင်းသူများသည် သုံးပါးတစ်ပါးဘုရား၌ရှိသော တိုင်များဖြစ်ကြ သည် - ဗျာ၊၃း၁၂က။ ဂလ၊၂း၉။

1. ဤသန့်ရှင်းသူများ၌ တစ်ခါတစ်ရံ အသင်းတော်သည် အမှန်မှာ သုံးပါးတစ်ပါးဘုရားမှလွဲ၍ အခြားမဟုတ်ကြောင်း အသိစိတ်ရှိကြသည်၊ ၎င်းကို အသင်းတော်၏ပုံဆောင်ချက်အဖြစ် ရွှေမီးခုံတိုင်များအားဖြင့် ရည်ညွှန်းထားသည် - ဗျာ၊၁း၁၂၊ ၂၀။
2. ယနေ့ အသင်းတော်ရှိ တိုင်များမှာ သုံးပါးတစ်ပါးဘုရား၌ရှိသော တိုင်များဖြစ်သည်။ လာမည့်ခေတ်တွင် ဤအောင်မြင်သောယုံကြည်သူများသည် ဘုရားသခင်ကိုယ်တော်တိုင်တည်းဟူသော ဘုရားသခင်၏ဗိမာန်တော်၌ တိုင်များဖြစ်ကြလိမ့်မည်ဖြစ်သည် - ၃း၁၂က။ ၂၁း၂၂။
3. ဤအရာမှနေ၍ တိုင်များဖြစ်စေခြင်းတွင် သုံးပါးတစ်ပါးဘုရားသည် သစ္စာရှိသော ယုံကြည်သူများအထဲသို့ ရောနှောပေါင်းစည်းခြင်းနှင့် စေ့စပ်ထုံးဖွဲ့ခြင်း ပါဝင်နေကြောင်း ကျွန်ုပ်တို့မြင်ရသည် - ၂ကော၊၁၃း၁၄။

D. ဖိလဒေလဖိမြို့၌ရှိသော အသင်းတော်၌ အောင်မြင်ခြင်းမှာ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့လက်ခံရရှိသောအရာကို အဆုံးထိတိုင် စောင့်ရှောက်ခြင်းဖြစ်သည်။ ဤသို့ပြုမည်ဆိုလျှင် သခင်ဘုရားသည် ကျွန်ုပ်တို့ကို ဘုရားသခင်၏ဗိမာန်တော်၌ တိုင်ဖြစ်စေလိမ့်မည်ဖြစ်သည် - ဗျာ၊၃း၁၁-၁၂က။

## IV. ပြန်လည်ရယူသောအသင်းတော်ရှိ အောင်မြင်သောသူသည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းရှိပြီး၊ ယေရုရှလင်မြို့သစ်-"သတို့သမီး၊ သိုးသငယ်၏ ဇနီး"ဖြစ်လာသည် -အငယ်၊၁၂ခ။ ၂၁း၂၊ ၉-၁၁။

A. သမ္မာကျမ်းစာ၏ အုပ်စိုးနေသော ရူပါရုံမှာ သုံးပါးတစ်ပါးဘုရားသည် မိမိကိုယ်တော်တိုင်ကို ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများအထဲသို့ အလုပ်လုပ်ပြီး၊ သူတို့၏ဖြစ်ခြင်းတစ်ခုလုံးကို ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်းနှင့် ပျော်ဝင်ပြည့်ဝစေ၍ ခရစ်တော်၏ကိုယ်ခန္ဓာတော် ဖြစ်သော အသင်းတော်ကို ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်း ရှိစေပြီး၊ ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံစေခြင်းဖြစ်သည် - ဧ၊၄း၄-၆။ ဗျာ၊၂၁း၂၊ ၉-၁၀။

B. ယေရုရှလင်မြို့သစ်သည် ဘုရားဇာတိနှင့် လူသားဇာတိမှာ တစ်ခုတည်းသော ထုံးဖွဲ့မှုအဖြစ် အတူတကွ ရောနှောခြင်း၊ ပေါင်းစည်းခြင်းနှင့် တည်ဆောက်ခြင်းဖြင့် ပေါင်းစပ်ထားခြင်းဖြစ်သည်။ ပါဝင်သောအရာအားလုံး၌ တူညီသောအသက်၊ သဘောသဘာဝနှင့် စေ့စပ်ထုံးဖွဲ့မှု ပါရှိပြီး၊ စုပေါင်းထားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်လာသည် - ယော၊၁၄း၂၀၊ ၂၃။ ဗျာ၊၂၁း၂-၃၊ ၉-၂၃။

1. ယေရုရှလင်မြို့သစ်သည် ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုဆိုင်ရာ ရူပါရုံနှင့် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည် - အငယ်၊၂၊ ၉-၁၁။
2. ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ ရွေးချယ်ခံ၊ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံ၊ သန့်ရှင်းစင်ကြယ်ခြင်းခံ၊ အသစ်ပြုပြင်ခံ၊ ပုံသဏ္ဍာန်ပြောင်းလဲခံ၊ သဏ္ဍာန်တူညီခံကာ၊ ဘုရားဖြစ်စေရန် ဘုန်းထင်ရှားခြင်းခံရသောလူများဖြင့် ပေါင်းစပ်ထားခြင်းဖြစ်သည် - ယော၊၃း၆။ ဟေဗြဲ၊၂း၁၁။ ရော၊၁၂း၂။ ၈း၂၉-၃၀။
   a. ကျွန်ုပ်တို့ကို ဘုရားဖြစ်စေခြင်းဟူသည်မှာ ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားဖြင့် စေ့စပ်ထုံးဖွဲ့ခံရပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ထာဝရကာလပတ်လုံး ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်းဖြစ်ရန် အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်စေခြင်းကို ဆိုလိုသည် -ဗျာ၊၂၁း၁၁။
   b. ယုံကြည်သူများကို ဘုရားဖြစ်စေခြင်းမှာ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ဤသည်မှာ အမြင့်ဆုံးသော သမ္မာတရားနှင့် အမြင့်ဆုံးသော ဧဝံဂေလိတရားဖြစ်သည် - ရော၊၁း၁၊ ၃-၄။ ၅း၁၀။ ဗျာ၊၂၁း၂။ ၃း၁၂။

C. "ငါ၏ဘုရားသခင့် နာမတော်ကိုလည်းကောင်း၊ ငါ၏ဘုရားသခင့် အထံတော် ကောင်းကင်မှ ဆင်းသက်သော ယေရုရှလင်မြို့သစ် တည်းဟူသော ငါ၏ဘုရားသခင့် မြို့တော်၏ နာမကိုလည်းကောင်း၊ ငါ၏နာမသစ်ကိုလည်းကောင်း ထိုသူ (အောင်မြင်သောသူ) အပေါ်၌ ငါသည် အက္ခရာတင်မည်" - အငယ်၊၁၂ခ။

1. ဘုရားသခင်၏နာမတော်၊ ယေရုရှလင်မြို့သစ်၏ နာမ၊ သခင်ဘုရား၏နာမသစ်ကို အောင်မြင်သောသူအပေါ် ရေးထားခြင်းမှာ အောင်မြင်သောသူသည် ဘုရားသခင်အားဖြင့်၊ ယေရုရှလင်မြို့သစ်အားဖြင့်၊ သခင်ဘုရားအားဖြင့် ပိုင်ဆိုင်ကြောင်း ရည်ညွှန်းသည်။ ဘုရားသခင်ကိုယ်တော်တိုင်၊ ကိုယ်တော်၏ မြို့တော် (ယေရုရှလင်မြို့သစ်) နှင့် သခင်ဘုရားကိုယ်တော်

တိုင် အားလုံးသည် သူ့ကို ပိုင်ဆိုင်သည်။ သူသည် ဘုရားသခင်နှင့်လည်းကောင်း၊ ယေရုရှလင်မြို့သစ်နှင့်လည်းကောင်း၊ သခင်ဘုရားနှင့်လည်းကောင်း တစ်လုံးတစ်ဝဖြစ်သည်။

2. ဘုရားသခင်၏နာမတော်သည် ဘုရားသခင်ကိုယ်တော်တိုင်ကို ရည်ညွှန်းသည်၊ ယေရုရှလင်မြို့သစ်၏ နာမသည် မြို့တော်ကိုယ်တိုင်ကို ရည်ညွှန်းသည်၊ သခင်ဘုရား၏နာမတော်သည် သခင်ဘုရားကိုယ်တော်တိုင်ကို ရည်ညွှန်းသည်-အငယ်၊၁၂ခ။
3. ဘုရားသခင်၏နာမတော်၊ ယေရုရှလင်မြို့သစ်၏နာမနှင့် သခင်ဘုရား၏နာမတော်သည် အောင်မြင်သောသူအပေါ် ရေးထားခြင်းမှာ ဘုရားသခင်ဖြစ်သောအရာ၊ ယေရုရှလင်မြို့သစ်၏သဘောသဘာဝနှင့် သခင်ဘုရား၏ပုဂ္ဂိုလ်တော် အားလုံးတို့သည် အောင်မြင်သောသူအထဲသို့ ဆောင်ယူခံရပြီဖြစ်ကြောင်း ရည်ညွှန်းသည် - ယော၊၁၄း၁၉-၂၀၊ ၂၃။ ဧ၊၃း၁၆-၁၇။
4. ယေရုရှလင်မြို့သစ်ကို အောင်မြင်သောသူအဖို့ ဆုအဖြစ် ဖော်ပြခြင်းမှာ ဤကတိတော်သည် မိလေနီနိုင်ငံတော်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်ကြောင်း ညွှန်ပြနေသည်။ မိလေနီကာလရှိ ယေရုရှလင်မြို့သစ်သည် အောင်မြင်သောသူများအဖို့သာ ဆုဖြစ်လိမ့်မည်ဖြစ်သည် - ဗျာ၊၃း၁၂ခ။

*© 2021 Living Stream Ministry*